# သမာဓိအပြား

## နှစ်ပါးစု (ဒုက) သမာဓိ (၄) မျိုး

၁။ (က) **ဥပစာရသမာဓိ**

- ဗုဒ္ဓါနုဿတိစသော အနုဿတိ (၆) ပါး
- မရဏာဿတိ
- ဥပသမာနုဿတိ
- သညာ
- ဝဝတ္ထာန် ဟူသော… “ကမ္မဋ္ဌာန်း ဆယ်ပါး” အစွမ်းဖြင့်ရအပ်သောသမာဓိ၊ **“အပ္ပနာစျာန်၏ ရှေ့အဖို့၌ ရအပ်သော ကေဂ္ဂတာ”**။

(ခ) **အပ္ပနာသမာဓိ**

- ပဌမစျာန်၏ ပရိကံမည်သော ဂေါတြဘူသည် ပထမစျာန်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏ဟုဟောသောကြောင့် **“ဂေါတြဘူ၏ အခြားမဲ့၌ဖြစ်သော ကေဂ္ဂတာ”**။

၂။ (က) **လောကီသမာဓိ**

- တေဘူမက ဘုံသုံးပါးတို့၌ **“ကုသိုလ်စိတ်နှင့်ယှဉ်သော ကေဂ္ဂတာ”။**

(ခ) **လောကုတ္တရာသမာဓိ**

- **“အရိယာမဂ်နှင့်ယှဉ်သော ကေဂ္ဂတာစေတသိက်”**။

၃။ (က) **သပ္ပီတိကသမာဓိ**

- စတုက္ကနည်း ရှေ့ပိုင်း စျာန်နှစ်ပါး၊ ပဉ္စကနည်းရှေ့ပိုင်း စျာန်သုံးပါး၌ ရှိသော **ကေဂ္ဂတာစေတသိက်**။

(ခ) **နိပ္ပီတိကသမာဓိ**

- စတုက္ကနည်း နောက်စျာန်နှစ်ပါး၊ ပဉ္စကနည်း နောက်စျာန်နှစ်ပါးရှိသော **ကေဂ္ဂတာ စေတသိက်**။

၄။ (က) **သုခသဟဂတသမာဓိ**

- စတုက္ကနည်း ရှေ့စျာန်သုံးပါး၊ ပဉ္စကနည်း ရှေ့စျာန်လေးပါး၌ရှိသော **ကေဂ္ဂတာစေတသိက်**။

(ခ) **ဥပေက္ခာသဟဂတသမာဓိ**

- စတုက္ကနည်း နောက်စျာန် တစ်ပါး၊ ပဉ္စကနည်း နောက်စျာန် တစ်ပါး၌ရှိသော **ကေဂ္ဂတာ စေတသိက်**။

# သုံးပါးစု (တိက) သမာဓိ (၄)မျိုး

၁။ (က) **ဟီနသမာဓိ** = ရက္ကာမျှဖြစ်သော (ယုတ်ညံ့သော)သမာဓိ။

(ခ) **မဇ္ဈိမသမာဓိ** = လွန်စွာမပွားရသေးသော (အလယ်အလတ်)သမာဓိ။

(ဂ) **ပဏီတသမာဓိ** = ကောင်းစွာပွားပြီး၍ နိုင်နင်းခြင်းသို့ရောက်သော (မြတ်သော) သမာဓိ။

၂။ (က) **သဝိတက္ကသဝိစာရသမာဓိ**

➢ ဥပစာရသမာဓိနှင့်တကွ ("ဝိတက်"၊ "ဝိစာရ" ရှိသော) **ပဌမစျာန် သမာဓိ**။

(ခ) **အဝိတက္ကဝိစာရမတ္တသမာဓိ**

➢ ပဥ္စကနည်းအရ ("ဝိတက်"ကင်း၍ "ဝိစာရ"မျှသာရှိသော) **ဒုတိယစျာန် သမာဓိ**။

(ဂ) **အဝိတက္ကအဝိစာရသမာဓိ**

➢ စတုက္ကနည်းအရ "ဝိတက်"၊ "ဝိစာရ"ကင်းသော ဒုတိယစျာန် အစရှိသော စျာန်သုံးပါးတို့၏ သမာဓိ၊ ပဥ္စကနည်းအရ "ဝိတက်"၊ "ဝိစာရ"ကင်းသော **တတိယ၊ စတုတ္ထ၊ ပဥ္စမစျာန် သမာဓိ**။

၃။ (က) **ပီတိသဟဂတသမာဓိ**

➢ စတုက္ကနည်း ရှေ့စျာန်နှစ်ပါး၊ ပဥ္စကနည်း ရှေ့စျာန်သုံးပါး၌ရှိသော **ဧကဂ္ဂတာ**။

(ခ) **သုခသဟဂတသမာဓိ**

➢ စတုက္កနည်း တတိယစျာန် + ပဥ္စကနည်း စတုတ္ထစျာန်၌ရှိသော **ဧကဂ္ဂတာ**။ (ရှေ့ရှေ့စျာန်များကို ပီတိသဟဂတသမာဓိကယူပြီးဖြစ်၍ မယူရ)

(ဂ) **ဥပေက္ခာသဟဂတသမာဓိ**

➢ စတုက္ကနည်း စတုတ္ထစျာန် + ပဥ္စကနည်း ပဥ္စမစျာန်၌ရှိသော **ဧကဂ္ဂတာ**။ (အဆုံးစျာန်၌ ရှိသောဧကဂ္ဂတာ)

**➲ ဥပစာရ သမာဓိကား ထိုသုံးမျိုးလုံးဖြစ်နိုင်သည် ➲**

၄။ (က) **ပရိတ္တသမာဓိ** **(ကာမာဝစရသမာဓိ)** = ဥပစာရ အဆင့်ရှိသော သမာဓိ။

(ခ) **မဟဂ္ဂတသမာဓိ** = ရူပါဝစရ + အရူပါဝစရ ကုသိုလ်စိတ်တို့၌ရှိသော ဧကဂ္ဂတာ။

(ဂ) **အပ္ပမာဏသမာဓိ** = အရိယာမဂ်နှင့်ယှဉ်သော သမာဓိ။

# လေးပါးစု (စတုက္က) သမာဓိ (၆) မျိုး

၁။ (က) **ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သမာဓိ**

- ➢ အကျင့်ဆင်းရဲပြီး၊ နှေးသောအသိဉာဏ်ထူးရှိသော သမာဓိ။

(ခ) **ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သမာဓိ**

- ➢ အကျင့်ဆင်းရဲပြီး၊ လျင်မြန်သောအသိဉာဏ်ထူးရှိသော သမာဓိ။

(ဂ) **သုခပဋိပဒါ ဒန္ဓာဘိညာ သမာဓိ**

- ➢ အကျင့်ချမ်းသာပြီး၊ နှေးသောအသိဉာဏ်ထူးရှိသော သမာဓိ။

(ဃ) **သုခ ပဋိပဒါ ခိပ္ပါဘိညာ သမာဓိ**

- ➢ အကျင့်ချမ်းသာပြီး၊ လျင်မြန်သော အသိဉာဏ်ထူးရှိသော သမာဓိ။

☸ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ နှလုံးသွင်းသည်မှစ၍ ထိုထိုစျာန်၏ ဥပစာရသမာဓိဖြစ်သည့် တိုင်အောင်ဖြစ်ခဲ့သောသမာဓိ ဘာဝနာကို ရောက်ကြောင်းအကျင့် **"ပဋိပဒါ"** ဟု ခေါ်သည်။

☸ ဥပစာရ သမာဓိမှစ၍ အပ္ပနာစျာန်တိုင်အောင်ဖြစ်သော ပညာကို **"အဘိညာ"** ဟုခေါ်သည်။

**ပဋိပဒါ (အကျင့်)** သည် – အချို့ပုဂ္ဂိုလ်အတွက်(ဒုက္ခ)ဆင်းရဲ၏။ အဘယ်ကြောင့် ဆိုသော် နီဝရဏအစရှိသော ဆန့်ကျင်ဘက်တရားတို့၏ဖြစ်ပေါ်ခြင်း၊ ရှုပ်ထွေးထူထပ်သည် ၏ အဖြစ်ကြောင့် (ကိစ္ဆာ) ငြိုငြင်ပင်ပန်းရ၏။ မချမ်းမသာမှီဝဲရ၏။ (အသုခါသေဝနာ) အချို့သော ပုဂ္ဂိုလ်အား ထိုဆန့်ကျင်ဘက်တရားတို့ ထူထပ်ခြင်းမရှိသောကြောင့် မပင်ပန်း ချမ်းသာ၏။

**အဘိညာ (အထူးသိမှု)** သည် အချို့သော ပုဂ္ဂိုလ်အတွက်နှေး၏။ နှံ့၏။ လျင်စွာဖြစ်ခြင်း မရှိ။ အချို့သော ပုဂ္ဂိုလ်အတွက် လျင်၏။ မနှံ့နှေး လျင်စွာဖြစ်ခြင်းလည်းရှိ၏။

ထို ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာစသည်တို့၌ "သပ္ပါယ"၊ "အသပ္ပါယ"တို့ကိုလည်းကောင်း၊ ပလိဗောဓ (အနှောင့်အယှက်) ကို ဖြတ်ခြင်းစသော ပုဗ္ဗကိစ္စတို့ကိုလည်းကောင်း၊ အပ္ပနာ ကောသလ္လ (အပ္ပနာ၌ ကျွမ်းကျင်ခြင်း) တို့ကိုလည်းကောင်း ဆက်၍ပြပါအံ့။

(၁) ရှေ့၌ **အသပ္ပါယကို မှီဝဲပြီး၊** နောက်၌လည်း အသပ္ပါယကို မှီဝဲပြန်လျှင်.....

- ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ။ (အသပ္ပါယသေဝီ = မလျောက်ပတ်သည်ကို မှီဝဲခြင်း။)

(၂) ရှေ့၌ အသပ္ပါယကို မှီဝဲပြီး၊ နောက်၌ **သပ္ပါယကို မှီဝဲလျှင်**.....

- ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ။ (သပ္ပါယသေဝီ = လျောက်ပတ်သည်ကို မှီဝဲခြင်း။)

(၃) ရှေ့၌ သပ္ပါယကို မှီဝဲပြီး၊ နောက်၌ အသပ္ပါယကို မှီဝဲလျှင်.....

- သုခပဋိပဒါ ဒန္ဓာဘိညာ။

(၄) ရှေ့၌ သပ္ပါယကို မှီဝဲပြီး၊ နောက်၌ သပ္ပါယကို မှီဝဲလျှင်.....

- သုခ ပဋိပဒါ ခိပ္ပါဘိညာ။

**တစ်နည်း** ➲ "တဏှာ" "အဝိဇ္ဇာ"တို့၏ အစွမ်းဖြင့်လည်းကောင်း၊ "သမထ" "ဝိပဿနာ"တို့၌ လွန်စွာ အားထုတ်ဖူးခြင်း (အဓိကာရ) ၏ အစွမ်းဖြင့်လည်းကောင်း၊ ပဋိပဒါ - အဘိညာတို့ကို သိအပ်သေး၏။

✧✧✧✧✧✧✧

(၁) တဏှာနှိပ်စက် အဝိဇ္ဇာနှိပ်စက်လျှင်..... ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ။

(၂) တဏှာနှိပ်စက် အဝိဇ္ဇာမနှိပ်စက်လျှင်..... ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ။

(၃) တဏှာမနှိပ်စက် အဝိဇ္ဇာနှိပ်စက်လျှင်..... သုခပဋိပဒါ ဒန္ဓာဘိညာ။

(၄) တဏှာမနှိပ်စက် အဝိဇ္ဇာမနှိပ်စက်လျှင်..... သုခပဋိပဒါ ခိပ္ပါဘိညာ။

✧✧✧✧✧✧✧

(၁) သမထအားမထုတ်ဖူး၊ ဝိပဿနာ အားမထုတ်ဖူးလျှင်..... ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ။

(၂) သမထအားမထုတ်ဖူး၊ ဝိပဿနာအားထုတ်ဖူးလျှင်..... ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ

(၃) သမထအားထုတ်ဖူး၊ ဝိပဿနာအားမထုတ်ဖူးလျှင်..... သုခပဋိပဒါ ဒန္ဓာဘိညာ။

(၄) သမထအားထုတ်ဖူး၊ ဝိပဿနာအားထုတ်ဖူးလျှင်..... သုခပဋိပဒါ ခိပ္ပါဘိညာ။

✧✧✧✧✧✧✧

(၁) ကိလေသာများ၍ ဣန္ဒြေ နုံ့လျှင်..... ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ။

(၂) ကိလေသာများ၍ ဣန္ဒြေတို့ထက်လျှင်..... ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ။

(၃) ကိလေသာနည်း၍ ဣန္ဒြေတို့ နုံ့လျှင်..... သုခပဋိပဒါ ဒန္ဓာဘိညာ။

(၄) ကိလေသာနည်း၍ ဣန္ဒြေတို့ထက်လျှင်..... သုခပဋိပဒါ ခိပ္ပါဘိညာ။

၂။ (က) ပရိတ္တ ပရိတ္တာရမ္မဏ သမာဓိ။

(ခ) ပရိတ္တ အပ္ပမာဏာရမ္မဏ သမာဓိ။

(ဂ) အပ္ပမာဏ ပရိတ္တာရမ္မဏ သမာဓိ ။

(ဃ) အပ္ပမာဏ အပ္ပမာဏာရမ္မဏ သမာဓိ။

☸ ကျေပွန်အောင် မပွားရသေးသောကြောင့် အထက်စျာန်သို့ မတက်နိုင်လျှင်.....

- **"ပရိတ္တ"** (သေးငယ်သော၊ အာနုဘော်နည်းသော) သမာဓိ။

☸ ကျေပွန်အောင် ပွားများပြီးသောကြောင့် အထက်စျာန်သို့ တက်နိုင်လျှင်.....

- **"အပ္ပမာဏ"** (ကြီးကျယ်မြင့်မြတ်သော) သမာဓိ။

☸ မပွားရသေးသော အာရုံ၌ဖြစ်သောသမာဓိသည်.....

- **"ပရိတ္တာရမ္မဏ"** (သေးငယ်၍ အာနုဘော် နည်းသည့်အာရုံ ရှိသော) သမာဓိ။

☸ ပွားများပြီးသော အာရုံ၌ဖြစ်သော သမာဓိသည်.....

- **"အပ္ပမာဏာရမ္မဏ"** (ကြီးကျယ်မြင့်မြတ်သည့် အာရုံရှိသော) သမာဓိ။

၃။ (က) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ငါးပါးရှိသော **ပဌမစျာန် သမာဓိ**။
(နီဝရဏတို့ကိုခွာပြီး)

(ခ) ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါသုံးပါးရှိသော **ဒုတိယစျာန်သမာဓိ**။
(ဝိတက်၊ ဝိစာရ ငြိမ်းပြီး)

(ဂ) သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးရှိသော **တတိယစျာန်သမာဓိ**။
(အထက်ပီတိကို လွန်ပြီး)

(ဃ) ဉပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးရှိသော **စတုတ္ထစျာန်သမာဓိ**။
(အထက်သုခကိုလွန်ပြီး)

၄။ (က) **ဟာနဘာဂိယ သမာဓိ**

- ဆန့်ကျင်ဘက်တရားတို့ ဖြစ်ပေါ်သောကြောင့် ဆုတ်ယုတ်ခြင်းအဖို့ရှိသော သမာဓိ။

(ခ) **ဌိတိဘာဂိယ သမာဓိ**

- ရဆဲစျာန်နှင့်လျော်သော သတိရှိနေခြင်း၏ အစွမ်းအားဖြင့် ရပ်တန့်ခြင်းအဖို့ရှိသော သမာဓိ။

(ဂ) **ဝိသေသဘာဂိယ သမာဓိ**

- အထက်စျာန်အထူးကို ရစေနိုင်ခြင်း၏အစွမ်းအားဖြင့် ထူးသောအဖို့ရှိသော သမာဓိ။

(ဃ) **နိဗ္ဗေဓ ဘာဂိယ သမာဓိ**

- နိဗ္ဗိဒါဉာဏ်နှင့်တကွဖြစ်ကုန်သော သညာ၊ မနသိကာရ တို့ ဖြစ်ခြင်းအစွမ်းဖြင့် သစ္စာတို့ကို ဖောက်ထွင်းသိမြင်ခြင်း အဖို့ရှိသော သမာဓိ။

| | | |
|---|---|---|
| **ဟာနဘာဂိနီပညာ** | = | ပဌမစျာန်ကိုရသော ပုဂ္ဂိုလ်ကို ကာမရာဂနှင့်တကွဖြစ်သော သညာ၊ မနသိကာရတို့က လွှမ်းမိုးခံရ၍ ဆုတ်ယုတ်ခြင်းအဖို့ရှိသော ပညာ။ |
| **ဌိတိဘာဂိနီပညာ** | = | ထိုပဌမစျာန်နှင့်လျော်သော သတိရမှု တည်ရှိနေသော ပညာ။ ရပ်တန့်ခြင်းအဖို့ရှိသော ပညာ။ |
| **ဝိသေသဘာဂိနီပညာ** | = | ဝိတက်ကင်းသော စျာန်နှင့်တကွဖြစ်သော သညာ၊ မနသိကာရ တို့ လွှမ်းမိုးခံရ၍ ထူးခြားခြင်းအဖို့ရှိသော ပညာ။ |
| **နိဗ္ဗေဓဘာဂိနီပညာ** | = | နိဗ္ဗိဒါဉာဏ်နှင့်တကွဖြစ်သော သညာ၊ မနသိကာရ တို့ လွှမ်းမိုးခံရ၍ တပ်မက်မှုကင်းသော မဂ်နှင့်စပ်ပြီး သစ္စာတို့ကိုဖောက်ထွင်း သိမြင်ခြင်းအဖို့ရှိသောပညာ။ |

၅။ (က) **ကာမာဝစရ သမာဓိ** = အလုံးစုံသော ဉပစာရ ဧကဂ္ဂတာ (သမာဓိ)။

(ခ) **ရူပါဝစရ သမာဓိ** = ရူပါဝစရ ကုသိုလ်နှင့်ယှဉ်သော ဧကဂ္ဂတာ (သမာဓိ)။

(ဂ) **အရူပါဝစရ သမာဓိ** = အရူပါဝစရ ကုသိုလ်နှင့်ယှဉ်သော ဧကဂ္ဂတာ (သမာဓိ)။

(ဃ) **အပရိယာပန္န သမာဓိ** = အရိယာမဂ် နှင့် ယှဉ်သော သမာဓိ။

၆။ (က) **ဆန္ဒ သမာဓိ** = “ဆန္ဒ”ကို အကြီးအမှူးပြု၍ရသော သမာဓိ။

(ခ) **ဝီရိယ သမာဓိ** = “ဝီရိယ”ကို အကြီးအမှူးပြု၍ရသော သမာဓိ။

(ဂ) **စိတ္တ သမာဓိ** = “စိတ်”ကို အကြီးအမှူးပြု၍ရသော သမာဓိ။

(ဃ) **ဝီမံသ သမာဓိ** = “ပညာ”ကို အကြီးအမှူးပြု၍ရသော သမာဓိ။

## ငါးပါးစု (ပဉ္စက) သမာဓိ (၁) မျိုး

(က) ပဌမစျာန်သမာဓိ

(ခ) ဒုတိယစျာန် သမာဓိ

(ဂ) တတိယစျာန် သမာဓိ

(ဃ) စတုတ္ထစျာန် သမာဓိ

(င) ပဥ္စမစျာန် သမာဓိ။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂) မှ (၁၁) ရက် ထိ
ဆဌမအကြိမ်မြောက် (၁၀) ရက် တရားစခန်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org